# ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးလုပ်ငန်းစဉ် ကြေငြာချက်

## ပူးပေါင်းဆောင်ရွက်သော အဖွဲ့အစည်း (၃)ဖွဲ့၏ အကျဉ်းချုပ်

**<u>ဒါန-ရှေ့ဆောင်မြန်မာ</u>**

၂၀၁၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော ဒါန-ရှေ့ဆောင်မြန်မာ (Charity-Oriented Myanmar - COM) အဖွဲ့သည် လူငယ်များ ဦးဆောင်သော ပြည်တွင်းအရပ်ဖက်အဖွဲ့အစည်း ဖြစ်သည်။ ***"ငြိမ်းချမ်း၍ မျှတသော လူ့မှုပတ်ဝန်းကျင် : Peaceful and Justice Society"*** ဖြစ်ပေါ်လာစေရေးအတွက် မတူကွဲပြားသော လူမှုပဝန်းကျင်များကြားတွင် လူမှုစီးပွား တိုးတက်ရေးနှင့် ဒီမိုကရေစီ ယဉ်ကျေးမှုကို မြှင့်တင်ခြင်းအားဖြင့် တည်ဆောက်ရန် ရည်ရွယ်ထားပါသည်။

**<u>ငြိမ်းချမ်းမျှတလူမှုအဖွဲ့အစည်း</u>**

၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် စတင်ဖွဲ့စည်းခဲ့သော ငြိမ်းချမ်းမျှတ လူမှုအဖွဲ့အစည်း (Peace & Justice Myanmar - PJM) သည် ဘက်မလိုက်အကျိုးအမြတ်မယူသော ပြည်တွင်း လူမှုအရပ်ဖက် အဖွဲ့အစည်းဖြစ်သည်။ အဖွဲ့၏ ဆောင်ပုဒ်မှာ ***"ငြိမ်းချမ်းမျှတမှုဖြင့် ပြီးပြည့်စုံသော လူ့အဖွဲ့အစည်းဆီသို့ : Towards Peaceful and Prosperous Society"*** ဖြစ်ပြီး မြန်မာနိုင်ငံသားများအား ဒီမိုကရေစီစံနှုန်းနည်းကျ နိုင်ငံသားများအဖြစ် မြှင့်တင်ရေး၊ ပြည်သူလူထု၏ လူမှုဘဝနှင့် သက်ဆိုင်သောမူဝါဒများအား ပြုပြင်ပြောင်းလဲရေး၊ ရွေးကောက်ပွဲဖြစ်စဉ်၊ ငြိမ်းချမ်းရေးဖြစ်စဉ်တို့တွင် ပါဝင်ဆောင်ရွက်လျက် ရှိပါသည်။

**<u>အောက်ချင်းလူမှုအဖွဲ့အစည်း</u>**

၂၀၁၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော အောက်ချင်းလူမှုအဖွဲ့အစည်း (Hornbill Organization – HBO) သည် ဘက်မလိုက်အကျိုးအမြတ်မယူသော အရပ်ဖက်အဖွဲ့အစည်းဖြစ်သည်။ ***"ဒီမိုကရေစီစနစ် ပီပြင်စွာ ထွန်းကား၍ လူ့ဂုဏ်သိက္ခာမြင့်မားသည့် ဒီမိုကရက်တစ် ယဉ်ကျေးမှု ခိုင်မာအားကောင်းစေရမည် : Practicing democratic elements for strong democratic culture for higher dignity of people"*** ဟူသော ရည်ရွယ်ချက်ဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော် ပါသည်။

**ကျွန်ုပ်တို့၏ ပန်းတိုင်**

နိုင်ငံတကာ စံချိန်စံနှုန်းများနှင့်အညီ ရွေးကောက်ပွဲဖြစ်စဉ်တွင် အားလုံးပါဝင်မှုကို မြှင့်တင်ရန်နှင့် ရွေးကောက်ပွဲစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များအား ပိုမို တိုးတက်ကောင်းမွန်လာစေရန်။

**ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များ**

၁) ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲဖြစ်စဉ်တွင် အားလုံးပါဝင်နိုင်မှုနှင့် ရွေးကောက်ပွဲစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များအား စောင့်ကြည့်လေ့လာ၍ သရုပ်ခွဲ စီစစ်သုံးသပ်ရန်၊

၂) အားလုံးပါဝင်နိုင်မှုနှင့် ရွေးကောက်ပွဲစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ စောင့်ကြည့်လေ့လာတွေ့ရှိချက်များအား အဓိကပါဝင်ပတ်သက်သူများ၊ ပြည်သူလူထု၊ သတင်းမီဒီယာနှင့် နိုင်ငံတကာအသိုင်းအဝိုင်းသို့ အသိပေးရန်၊

၃) စောင့်ကြည့်လေ့လာတွေ့ရှိချက်များအပေါ် အခြေခံ၍ ဒီမိုကရေစီစံချိန်စံနှုန်းနှင့်အညီ အကြံပေးချက်များအား ဥပဒေပြုပြင်ပြောင်းလဲရေးများအတွက် သက်ဆိုင်ရာအင်စတီကျူးများသို့ အသိပေးဆွေးနွေးရာတွင် အသုံးပြုရန်။

ကျွန်ုပ်တို့ အဖွဲ့အစည်းသုံးဖွဲ့သည် ၂၀၁၇ကြားဖြတ်ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေး လုပ်ငန်းစဉ်များကို အတူတကွ ပူးပေါင်းဆောင်ရွက်ကြမည် ဖြစ်ပါသည်။ အားလုံးပါဝင်သော ရွေးကောက်ပွဲဖြစ်စဉ်နှင့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့အစည်း၏ စွမ်းဆောင်ရည်များကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ မြှင့်တင်ပေးနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့အဓိကလေ့လာသွားမည့်နယ်ပယ်များမှာ လူနည်းစုတိုင်းရင်းသားများ၊ အမျိုးသမီးများ၊ မသန်စွမ်းများ၊ ရွှေ့ပြောင်းအလုပ်သမားများ၏ ပါဝင်မှုများနှင့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့အစည်း၏ စွမ်းဆောင်ရည်များ ဖြစ်ပါသည်။ ဥပဒေမူဘောင်၊ မဲဆွယ်စည်းရုံးရေးကာလ၊ မဲဆန္ဒရှင်စာရင်း ကပ်ထား ကြေညာခြင်း။ ရွေးကောက်ပွဲလုပ်ငန်းစဉ်၊ ရွေးကောက်ပွဲအငြင်းပွားများ တိုင်တန်းခြင်းနှင့် အယူခံဝင်ခြင်း အစရှိသော ရွေးကောက်ပွဲ စက်ဝန်း၏ ဖြစ်စဉ်များကို လေ့လာသွားမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့ စောင့်ကြည့်လေ့လာမည့်ဒေသများမှာ လွှတ်တော်ကိုယ်စားလှယ် (၈)နေရာအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် (၇)ခုရှိ မြို့နယ် (၁၅) မြို့နယ်တွင် ဖြစ်ပါသည်။

မြို့နယ် (၁၅)မြို့နယ်မှာ ချင်းပြည်နယ်တွင် ထန်တလန်၊ ကယားပြည်နယ်တွင် ဖရူဆို၊ မွန်ပြည်နယ်တွင် ချောင်းဆုံ၊ ရှမ်းပြည်နယ်တွင် ညောင်ရွှေ၊ ပဲခူးတွင် ညောင်လေးပင်နှင့် ကျောက်တံခါး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာ၊ ရန်ကုန်တိုင်းဒေသကြီးတွင် လှိုင်၊ ကမာရွတ်၊ အလုံ၊ ကြည့်မြင်တိုင်၊ ဆိပ်ကမ်း၊ လသာ၊ လမ်းမတော် နှင့် လှိုင်သာယာတို့ ဖြစ်သည်။ ကျွန်ုပ်တို့သည် အမျိုးသားလွှတ်တော်တွင် လစ်လပ်လွှတ်တော်ကိုယ်စားလှယ် (၃)နေရာ၊ ပြည်သူ့လွှတ်တော် လစ်လပ်လွှတ်တော်ကိုယ်စားလှယ် (၉)နေရာအနက်မှ (၃)နေရာ၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော် လစ်လပ်လွှတ်တော်ကိုယ်စားလှယ် (၇)နေရာအနက်မှ (၂)နေရာတို့ကိုလေ့လာသွားပါမည်။ ကာလရှည်လေ့လာစောင့်ကြည့်သူ (၁၃)ဦးနှင့် ကာလတိုလေ့လာစောင့်ကြည့်သူ (၁၃၄)ဦးတို့ကို ဒေသခံများထဲမှ ရွေးချယ်လေ့ကျင့်ပေးသွားမည် ဖြစ်ပါသည်။ ရွေးကောက်ပွဲနေ့တွင် ရွေ့လျားစောင့်ကြည့်လေ့လာနည်းဖြင့် စောင့်ကြည့်လေ့လာမည့် ကာလရှည်လေ့လာစောင့်ကြည့်လေ့လာသူ (၁၃)ဦးနှင့် မဲရုံတွင် အခြေချစောင့်ကြည့်မည့် ကာလတိုလေ့လာစောင့်ကြည့်သူ (၁၃၄)ဦးကို ဖြန့်ကျက်တာဝန်ချထားမည် ဖြစ်သည်။ မဲရုံတစ်ခုတွင် လေ့လာမည့် ကာလတိုလေ့လာစောင့်ကြည့်သူ နှစ်ဦးစီ ရှိသောကြောင့် မဲရုံပေါင်း (၆၇)ရုံကို လေ့လာနိုင်မည် ဖြစ်ပါသည်။

ကျွန်ုပ်တို့ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးလုပ်ငန်းစဉ်၏ အဓိကရလဒ်များကို ကနဦး ထုတ်ပြန်ကြေညာချက်နှင့် နောက်ဆုံးအစီရင်ခံစာဟူ၍ အစီရင်ခံစာနှစ်စောင်ကို ထုတ်ပြန်မည် ဖြစ်ပါသည်။ ကြားဖြတ်ရွေးကောက်ပွဲကျင်းပသည့်နောက်တစ်နေ့၌ ကျွန်ုပ်တို့ အဖွဲ့အစည်းသုံးဖွဲ့သည် သတင်းစာရှင်းလင်းပွဲ ပူးပေါင်းကျင်းပပြီး ရွေးကောက်ပွဲနေ့လေ့လာတွေ့ရှိချက်များကို အခြေခံ၍ ကနဦးထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်သွားပါမည်။ ကြားဖြတ်ရွေးကောက်ပွဲအပြီး နှစ်လအတွင်းတွင် အခြားသတင်းစာရှင်းလင်းပွဲတစ်ခုကို

ပူးပေါင်းကျင်းပပြီး ရွေးကောက်ပွဲဖြစ်စဉ်တစ်လျှောက် တွေ့ရှိသော ရလဒ်သက်သေများနှင့် ဒီမိုကရေစီဆိုင်ရာ စည်းမျဉ်းများနှင့် နိုင်ငံတကာရွေးကောက်ပွဲစံနှုန်းများကို အခြေခံသော အကြံပြုချက်များ ပါဝင်သည့် နောက်ဆုံးအစီရင်ခံစာကို ထုတ်ပြန်သွားပါမည်။ ကျွန်ုပ်တို့သည် ၂၀၂၀ အထွေထွေရွေးကောက်ပွဲအတွက် ဒီမိုကရေစီဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကို တိုးတက်စေမည့်၊ တောင့်တင်းခိုင်မာစေမည့် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအတွက် သက်ဆိုင်သည့် ရွေးကောက်ပွဲ ဆိုင်ရာဆက်စပ်ပတ်သက်ပါဝင်သူများနှင့် အစိုးရအဖွဲ့အစည်းများကို အဆိုပြုတိုက်တွန်းနိုင်ရန် ယင်းနောက်ဆုံးအစီရင်ခံစာကို အသုံးပြုမည် ဖြစ်ပါသည်။

ထပ်မံသိရှိလိုပါက 09 43029212 (COM), 09 797323073 (PJM) နှင့် 09778913205 (HBO) သို့ ဆက်သွယ်ပေးပါရန်။